ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ
UNITED NATIONALITIES FEDERAL COUNCIL (UNION OF BURMA)

# သဘောထားထုတ်ပြန်ချက်

၀၁ / ၂၀၁၄

ရက်စွဲ။ ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်

လက်ရှိ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းတို့၌ ဖြစ်ပွားနေသော မြန်မာ့တပ်မတော်၏ ထိုးစစ်များနှင့် လက်နက်ကိုင်ပဋိပက္ခ ပြန်လည်ဖြစ်ပွားနေခြင်းများအပေါ် ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီမှ အောက်ပါအတိုင်း သဘောထားထုတ်ပြန်အပ်ပါသည်။

၁။ UNFC အနေဖြင့် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်အတွင်း မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်နေမှုများ နှင့် ကရင်ပြည်နယ်အတွင်း လက်နက်ကိုင်ပဋိပက္ခ ပြန်လည်ဖြစ်ပွားနေမှုအပြင် အပစ်ရပ် လက်နက်ကိုင် အဖွဲ့အစည်းအချို့အကြား တိုက်ခိုက်နေမှုတို့အပေါ် များစွာ စိုးရိမ်မကင်း ဖြစ်မိပါသည်။

၂။ UNFC အဖွဲ့ဝင် အဖွဲ့အစည်းများနှင့်အတူ အခြားသော တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်းများသည် ငြိမ်းချမ်းရေးအတွက် အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးတွေ့ဆုံဆွေးနွေး ညှိနှိုင်းနေသည်မှာ အတော်ပင်ခရီးရောက်နေပြီးသည့်အပြင် နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေး ဖြစ်ပေါ်လာရန် နီးကပ်လာသည့်အချိန်တွင် ဤသို့သော ပြဿနာအခက်အခဲများကြောင့် နှောင့်နှေးကြန့်ကြာသွားခြင်း သို့မဟုတ် ပျက်ပြားသွားခြင်းများဖြစ်ပေါ်မည်ကိုလည်း အထူးစိုးရိမ်ပါသည်။

၃။ သို့အတွက်ကြောင့် UNFC အနေဖြင့် အစိုးရအား တောင်းဆိုလိုသည်မှာ မြန်မာ့တပ်မတော်မှ ထိုးစစ်ဆင်နေမှုကို ချက်ချင်းရပ်တန့်ပေးရန်အတွက်လည်းကောင်း၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းအချို့နှင့် တိုက်ပွဲများ ဆက်လက်မဖြစ်ပွားရန်အတွက်လည်းကောင်း အမြန်ဆုံး အရေးယူဆောင်ရွက်သွားစေလိုပါသည်။

၄။ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးမှသည် စစ်မှန်သောငြိမ်းချမ်းရေးရရှိရေးကို ရှေးရှု၍ စားပွဲဝိုင်းတွင် မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးကာ ညှိနှိုင်းအဖြေရှာသွားကြပါရန် အလေးအနက် တိုက်တွန်းအပ်ပါသည်။ ဤသို့စားပွဲဝိုင်းတွင် ငြိမ်းချမ်းစွာ တွေ့ဆုံဆွေးနွေးအဖြေရှာသောနည်းသည်သာလျှင် အမှန်ကန်ဆုံးသောနည်းလမ်းဟု UNFC မှ ရှုမြင်ပြီး၊ စစ်ရေးဖြင့် ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းခြင်းကို လက်မခံပါ။

၅။ ထို့ကြောင့် မြန်မာတိုင်းရင်းသားပြည်သူတစ်ရပ်လုံးက မျှော်လင့်တောင့်တနေသော ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိသည်အထိ အစိုးရအပါအဝင် သက်ဆိုင်သူ အဖွဲ့အစည်းအသီးသီးမှ စိတ်ရှည်သည်းခံပြီး မေတ္တာ၊ စေတနာအရင်းခံကာ ရိုးသားပွင့်လင်းစွာဖြင့် ငြိမ်းချမ်းရေးဖြစ်စဉ်အတွင်း ဆက်လက်ညှိနှိုင်း အဖြေရှာသွားနိုင်ရန် UNFC မှ စဉ်ဆက်မပြတ် ပူးပေါင်းပါဝင် ကြိုးပမ်းသွားပါမည့် အကြောင်း ထုတ်ပြန် အသိပေးအပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ


<u>ဆက်သွယ်ရန်</u>

| | | |
|---|---|---|
| နိုင်ဟံသာ | - ဒုတိယဥက္ကဌ (၁) | ဖုန်း - +66(0)80-503-0849 |
| ခူဦးရယ် | - အထွေထွေအတွင်းရေးမှူး | ဖုန်း - +66(0)84-805-1344 |
| ဗိုလ်မှူးကြီးခွန်ဥက္ကာ | - တွဲဖက်အထွေထွေအတွင်းရေးမှူး(၁) | ဖုန်း - +66(0)81-950-2158 |